**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ DMA / SSE / NM / ၀၁ / ၂၀၂၆
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ၂၈ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ ရေတပ်ပင်မတိုင်းတာရေးတပ်၏ ၂၅-၂-၂၀၂၆ ရက်စွဲဖြင့်ထုတ်ပြန်သော ရေကြောင်းသတိပေးချက်အမှတ်စဉ် (၃/၂၀၂၆)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ တပ်မတော်(ရေ) နှင့် အိန္ဒိယရေတပ်တို့ ပူးပေါင်း၍ ထားဝယ်နှင့်ရဲတံခွန်သဘာဝဓာတ်ငွေ့လုပ်ကွက်အနီး ကပ္ပလီပင်လယ်မြောက်ပိုင်းရှိ မြန်မာ့ရေပိုင်နက်အတွင်းတွင် ပူးတွဲတိုင်းတာရေးလုပ်ငန်းများကို ၁-၃-၂၀၂၆ ရက်မှ ၁၀-၄-၂၀၂၆ ရက်အထိ **UMS. INLAY (Call Sign; XYDF)** နှင့် **INS. SANDHAYAK (Call Sign; VTLU)** ရေယာဉ်များဖြင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ အဆိုပါ ပူးတွဲတိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဧရိယာ-၁**

| Point | Latitude | Longitude |
|---|---|---|
| A | 13° 04.90' N | 097° 43.90' E |
| B | 13° 04.90' N | 098° 30.10' E |
| C | 14° 05.60' N | 097° 43.90' E |
| D | 14° 05.60' N | 098° 30.10' E |

(ခ) **ဧရိယာ-၂**

| Point | Latitude | Longitude |
|---|---|---|
| A | 13° 58.49' N | 095° 00.89' E |
| B | 13° 46.99' N | 095° 01.00' E |
| C | 12° 53.60' N | 095° 40.19' E |
| D | 12° 53.45' N | 096° 50.00' E |
| E | 13° 58.70' N | 096° 48.99' E |

၃။ သို့ဖြစ်ပါ၍ တပ်မတော်(ရေ) နှင့် အိန္ဒိယရေတပ်တို့ ပူးပေါင်း၍ ထားဝယ်နှင့် ရဲတံခွန်သဘာဝ ဓာတ်ငွေ့လုပ်ကွက်အနီး ကပ္ပလီပင်လယ်မြောက်ပိုင်းရှိ မြန်မာ့ရေပိုင်နက်အတွင်းတွင် ပူးတွဲတိုင်းတာရေး လုပ်ငန်းများကို **UMS. INLAY (Call Sign; XYDF)** နှင့် **INS. SANDHAYAK (Call Sign; VTLU)** ရေယာဉ်များဖြင့် ၁-၃-၂၀၂၆ ရက်မှ ၁၀-၄-၂၀၂၆ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ဧရိယာအကျယ်အဝန်းများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
လှမျိုးကျော်-ညွှန်ကြားရေးမှူး(SSE)